# ကချင်ပြည်လွတ်လပ်ရေးအဖွဲ့
# ( ကေ အိုင် အို )၏
# တိုင်းပြည်ငြိမ်းချမ်းရေးကြိုးပမ်းမှုနှင့်
# ပတ် သက် ၍
# ပြည်သူလူထုသို့ထုတ်ပြန်ကြေညာချက်



၁၉၈၁ ခု ဇွန်လ ၁၂ ရက်

# ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ ( ကေ အိုင် အို ) ၏
# တိုင်းပြည် ငြိမ်းချမ်းရေး ကြိုးပမ်းမှုနှင့် ပတ်သက်၍
# ပြည်သူလူထုသို့ ထုတ်ပြန် ကျေညာချက်

## ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ ( ကေ အိုင် အို )၏ တိုင်းပြည် ငြိမ်းချမ်းရေး ကြိုးပမ်းမှုနှင့် ပတ်သက်၍ ပြည်သူလူထုသို့ ထုတ်ပြန် ကျေညာချက်

မိဘပြည်သူအပေါင်းတို့ အလွန့် အလွန် မြတ်နိုး တောင့်တနေကြသော တရားမျှတ၍ တည်တံ့ခိုင်မြဲသည့် တိုင်းပြည် ငြိမ်းချမ်းရေးကို ကချင်ပြည်လွတ်လပ်ရေးအဖွဲ့( ကေ အိုင် အို ) သည် အမြဲတစေ လိုလားလျှက် ရှိနေသောကြောင့်၊ တိုင်းပြည် ငြိမ်းချမ်းသာယာရေးကို အရယူနိုင်ရန် အလို့ငှာ၊ လွန်ခဲ့သော ၁၉၈၀ ပြည့်နှစ် ဩဂုတ်လမှ ၁၉၈၁ ခုနှစ် မေလအထိ၊ ကြိုးပမ်း ဆောင်ရွက်ချက်များကို မိဘပြည်သူများ သိသာရန် ထုတ်ပြန်ကျေညာအပ်ပါသည်။

၁။ ကေအိုင်အိုသည် တိုင်းပြည်ငြိမ်းချမ်းရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော အမျိုးသား အသီးသီး စည်းလုံးညီညွတ်ရေး၊ အမျိုးသားတိုင်း တရားမျှတသော နိုင်ငံရေး အခွင့်အရေးများရရှိရေးများကို အစဉ်အမြဲ လိုလားလျှက်ရှိသည်။ ထိုလိုလားချက်များ ပြည့်ဝရန်လည်း အမြဲ ကြိုးပမ်းအားထုတ်လျှက်ရှိပေသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ကြားလူကြီးများမှ တဆင့် တိုင်းပြည် ငြိမ်းချမ်းရေး ဆွေးနွေးရန် အခွင့်အရေးဖွင့်ပေးလိုက်ခြင်းကိုဝမ်းမြောက်ဝမ်းသာလှိုက်လှဲစွာကြိုဆို

လက်ခံကာ၊ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ သစ္စာသမာဓိရှိ ကြားလူကြီးအဖွဲ့တို့ ပါဝင်ကြသော သုံးပွင့်ဆိုင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင်၊ လွန်ခဲ့သော (၁၀) လတိတိ ဖြူစင်ပွင့်လင်းသောစိတ်သဘောထားနှင့် အားတက်သရောစိတ်ထက်သန်စွာ ပါဝင်ဆွေးနွေး ခဲ့ပါသည်။

၂။ ကေ အိုင် အို ဗဟို၏ အမြဲတမ်းကော်မတီသည်၎င်း၊ ကေ အိုင် အို ဗဟို ကိုယ်စားလှယ်များသည်၎င်း၊ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လမှစ၍ ၁၉၈၁ ခုနှစ် မေလ ၁၁ရက်နေ့အထိ တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေကြသောကြားလူကြီး (၅) ဦးနှင့် ၁၀ ကြိမ်ကျော်မျှ တွေ့ဆုံဆွေးနွေးကြပြီး၊ တိုင်းပြည် ငြိမ်းချမ်းရေး ရရှိရန်အလို့ငှာ အကြံဉာဏ်များ တောင်းခံခြင်း၊ နည်းလမ်း ရှာကြံခြင်းများ ပြုလုပ်ခဲ့ပါသည်။

၃။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလမှ ၁၉၈၁ ခုနှစ် မေလ အတွင်း၊ ကေ အိုင် အို ဗဟို ကိုယ်စားလှယ်များသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော် အစိုးရ ကိုယ်စားလှယ်များ၊ ကြားလူကြီး အဖွဲ့များနှင့် (၅)ကြိမ်တိတိ တွေ့ဆုံကြပြီး၊ တိုင်းပြည်ငြိမ်းချမ်းရေးကို ဆွေးနွေးခဲ့ကြပါသည်။ ပထမအကြိမ် ကေ အိုင် အို ဗဟို ကိုယ်စားလှယ်အဖွဲ့ကို ဥက္ကဋ္ဌ ဦးဘရန်ဆိုင်း ကိုယ်တိုင် ခေါင်းဆောင်ပြီး ရန်ကုန်မြို့ သမတအိမ်တော်၌ သမတကြီး ဦးနေဝင်း ကိုယ်တိုင် အမှူးပြုသော နိုင်ငံတော်အာဏာပိုင် ခေါင်းဆောင်များနှင့်သော်၎င်း၊ ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစန်းယု အမှူးပြုသော နိုင်ငံတော်အာဏာပိုင် ခေါင်းဆောင်များနှင့် သော်၎င်း၊ တွေ့ဆုံ ဆွေးနွေး ခဲ့ပါသည်။ ယင်းနောက်ပိုင်း ဆွေးနွေးပွဲများကိုမူ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား ကချင်ပြည်နယ်

အာဏာပိုင်အဖွဲ့၊ ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့နှင့် ကြားလူကြီးအဖွဲ့ များတို့က မြစ်ကြီးနားမြို့၌ ဆက်လက် ဆွေးနွေး ခဲ့ပါသည်။

၄။ ကေအိုင်အို သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အကျိုး၊ ပြည်သူလူထုတရပ်လုံး၏ အကျိုးများကို ဦးထိပ်ထားကာ တရားမျှတ၍ တည်တံ့ခိုင်မြဲသော တိုင်းပြည်ငြိမ်းချမ်းရေးကို အရယူနိုင်ရန် အလို့ငှာ၊ ဆွေးနွေးပွဲတိုင်းတွင် ရိုးသားဖြူစင်သော စိတ်သဘောထားနှင့် တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထို့ကြောင့် ဆွေးနွေး ညှိနှိုင်းရန် တင်ပြရာ၌လည်း မဖြစ်နိုင်သော အချက်အလက်များကို မတင်ပြခဲ့ပါ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ယခု မျက်မှောက်ကာလ၌ လက်တွေ့လုပ်ဆောင် အကောင်အထည်ဖော်နိုင်သော အချက်များ၊ အမျိုးသားအသီးသီး၌ ရရှိထိုက် ရရှိသင့်သော အခွင့်အရေးများ ကိုသာ တင်ပြ တောင်းဆိုခဲ့ပါသည်။ တင်ပြ တောင်းဆိုရာ၌လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ဖြစ်ပေါ်လာစေသော အခြေခံ အုတ်မြစ် ဖြစ်သည့် ပင်လုံစာချုပ်ကိုရင်း၊ ပြည်ထောင်စုကြီးကို ခေါင်းဆောင် တည်ဆောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တောင်တန်းသား တိုင်းရင်းသားများအား ပေးထားခဲ့သည့် ဂတိ ဂဝတ်များကိုရင်း၊ မှီငြမ်း၍ တင်ပြခဲ့ပါသည်။ မျက်မှောက် ကမ္ဘာတွင် အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်ဟူ၍ တည်ရှိကြရာ၌ မည်သည့်စနစ် မည်သည့် နိုင်ငံရေးလမ်းစဉ်အရပင်ဖြစ်စေ အမျိုးသား တရပ်၌ ရရှိသင့်၊ ရရှိထိုက်၊ ရရှိနိုင်သော အခွင့်အရေးများကိုသာ တင်ပြ တောင်းဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကေအိုင်အိုမှ အဓိက တင်ပြ တောင်းဆိုခဲ့သည်မှာ ကချင်ပြည်နယ်သူ ပြည်နယ်သားများ မိမိတို့၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေးများကို မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်၊ စီမံ ခန့်ခွဲပိုင်ခွင့် ရရှိသော ကချင်

ကိုယ်ပိုင် အုပ်ချုပ်ရေးပြည်နယ် သတ်မှတ် ပေးပါရန်သာ ဖြစ်ပါသည်။

၅။ ကေအိုင်အို သည် တင်ပြ ဆွေးနွေးသွားရာ၌လည်း မိဘ ပြည်သူများ အထူးလိုလား တောင့်တလျက်ရှိသော တိုင်းပြည်ငြိမ်းချမ်းရေးကို မရမနေ၊ ကြိုးပမ်း နည်းလမ်းရှာသောအားဖြင့် အောက်ပါအတိုင်း တဆင့်ပြီးတဆင့် အလျှော့ပေး လိုက်လျောကာ ဆွေးနွေးတင်ပြ ခဲ့ပါသည်။

(က) (၁) သီးခြားလွတ်လပ်သော ကချင်ပြည်သူ့ သမတနိုင်ငံ ထူထောင်ရေးဟူသော လမ်းစဉ်ကို စွန့်လွှတ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ မခွဲထွက်ရေး။

(၂) ဆိုရှယ်လစ်စနစ်ကို လက်ခံရေး။

(၃) တပါတီ ဦးဆောင်မှုစနစ်ကို လက်ခံရေး။ (ကေအိုင်အိုကို အသိအမှတ်ပြု ဆက်လက်တည်ရှိခွင့်ရပါက) အထက်ဖော်ပြပါ အခြေခံ မူကြီး (၃) ရပ်ကို လက်ခံပြီးဖြစ်သော မူအောက်မှာ စစ်မှန်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေး (ဝါ) ကိုယ်ပိုင် စီမံခန့်ခွဲရေးအာဏာ အပြည့်အဝရရှိသည့် ကချင်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် သတ်မှတ်ပေးပါရန် တင်ပြခဲ့ပါသည်။

သို့သော်၊ ထိုတင်ပြချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရဘက်မှ လက်မခံနိုင်ကြောင်း ပြန်ကြားခဲ့ပါသည်။

(ခ) ကေအိုင်အို သည် နှစ်ဦးနှစ်ဘက်မှ သဘောတူညီမှု ရရှိနိုင်ရန် နည်းလမ်းရှာသောအားဖြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ဆဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် ဖြည့်စွက်ရန် လိုအပ်သော နေရာများတွင် ပြင်ဆင် ဖြည့်စွက်ပေးပါက၊ ထိုအခြေခံ

ဥပဒေကို မူအားဖြင့် လက်ခံမည်ဖြစ်ကြောင်း။ ကေအိုင်အိုမှ ထိုကဲ့သို့ ပြင်ဆင် ဖြည့်စွက်ပေးပြီးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို မူအားဖြင့် လက်ခံမည်ဟု ပြောခဲ့ပြီးဖြစ်သောကြောင့် ကေအိုင်အို၏ တင်ပြ တောင်းဆိုချက်ဖြစ်သော ကိုယ်ပိုင် အုပ်ချုပ်ရေး ပြည်နယ် (ဝါ) ကိုယ်ပိုင် စီမံခန့်ခွဲရေး ပြယ်နယ် သတ်မှတ်ပေးရေးအဆိုကို ယခု ချက်ခြင်းသတ်မှတ် မပေးနိုင် သော်လည်း နောင်တွင် သတ်မှတ် ပေးနိုင်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်မှ မူအားဖြင့် လက်ခံထားပေးပါရန် တဆင့် လျှော့၍ တင်ပြခဲ့ပါသည်။

သို့သော်လည်း၊ ပြည်ထောင်စု မြန်မာနိုင်တော် အစိုးရ ဘက်မှ ကချင် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် သတ်မှတ်ပေးရန် ကိုရင်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် သတ်မှတ်ပေးရန် မူ အားဖြင့် လက်ခံရန်ကိုရင်း၊ လက်မခံနိုင်ကြောင်းနှင့် ဆက် လက်၍ ဤကိစ္စကို ထပ်မံတင်ပြခြင်းမပြုရန် ဖြေကြားခဲ့ပါသည်။

(ဂ) ထို့ကြောင့် ကေအိုင်အိုသည် တိုင်းပြည်ငြိမ်းချမ်းရေးကို အရ ယူနိုင်ရန် အလို့ငှာ၊ မိမိတို့ တင်ပြချက်ကို ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရဘက်မှ လက်မခံနိုင်ပါက၊ နှစ်ဦး နှစ်ဘက်မှ သဘောတူ လက်ခံနိုင်သော၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အတိ အလင်း ရေးသားဖော်ပြပေးနိုင်၍ ကချင်ပြည်နယ်သူ ပြည်နယ် သားများအတွက်လည်း အာမခံချက်ရှိသော နိုင်ငံရေး အခွင့် အရေး တခုခုကို နိုင်ငံတော်ဘက်မှ တင်ပြရန် ပုံအပ်ခဲ့ပါသည်။

ထိုတင်ပြချက်ကိုလည်း၊ ပေးအပ်နိုင်သော အခွင့်အရေး အခြား မရှိတော့ကြောင်းဖြင့်သာ ပြည်ထောင်စု မြန်မာနိုင်ငံ တော် အစိုးရဘက်မှ ဖြေကြားခဲ့ပါသည်။

(ဃ) အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ ကေ အိုင် အို ၏ တင်ပြချက်များ တစုံတခုကိုမျှ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်မှ လက်ခံခြင်း မရှိသောကြောင့်၊ ကချင် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ် သတ်မှတ်ပေးရေးနှင့် အခြားသော ကေ အိုင် အို ၏ တင်ပြ တောင်းဆိုချက်များကို ပြည်သူလူထုသို့ ချပြပြီး ပြည်သူလူထု၏ ဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါကလည်း၊ ထိုကိစ္စ ဆောင်ရွက်ရန် လိုအပ်သော အချိန်ကာလအတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် ကေအိုင်အိုအကြား အပစ်အခတ် ရပ်စဲရေးကို တရားဝင် ပြုလုပ်ထားပြီး၊ ပြည်သူလူထု၏ ဆုံးဖြတ်ချက်ကို ခံယူရန် ကေ အိုင် အို သည် စောင့်ဆိုင်းနေမည် ဖြစ်ကြောင်း၊ တချိန် တည်းမှာ ငြိမ်းချမ်းရေးကိုလည်း လိုအပ်သလို ဆက်လက် ဆွေးနွေးသွားရန် တဆင့်လျှော့၍ ထပ်မံတင်ပြ ခဲ့ပါသည်။

(င) အထက်ဖော်ပြပါအတိုင်း၊ တဆင့်ပြီး တဆင့်လျှော့၍ တင်ပြခဲ့ပါသော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်မှ လက်ခံခြင်း မရှိသောကြောင့်၊ ကေ အိုင် အို သည် တိုင်းပြည် ငြိမ်းချမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းသောအားဖြင့် ဖြစ်နိုင်မည်ဟု ယုံကြည်၍ အဆိုတခုကို ထပ်မံတင်ပြခဲ့ပါသည်။ ထိုအဆိုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ကေ အိုင် အို အကြား နိုင်ငံရေးပြဿနာ ပြေလည်သည်အထိ၊ ငြိမ်းချမ်းရေး ဆက်လက်ဆွေးနွေးသွားရန် သဘောတူညီချက် ရယူထားပြီး အပစ်အခတ် ရပ်စဲထားခြင်းကိုလည်း တရားဝင်ဖြစ်စေရေးအတွက် တိုင်းပြည်သို့ ထုတ်ပြန်ကြေညာရန်ဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ ယုတ်စွအဆုံး ကေ အိုင် အို ၏

တင်ပြချက်အပေါ်၊ လက်ဆုတ်လက်ကိုင် ပြုနိုင်သော အခွင့်အရေးတစုံ တခုကိုမျှ ချက်ခြင်းလက်ငင်း မပေးနိုင်သော်ငြားလည်း၊ ကချင်ပြည်နယ်သူ ပြည်နယ်သားများ ရရှိသင့်၊ ရရှိထိုက်၊ ရရှိအပ်သော နိုင်ငံရေးအခွင့်အရေးများကို ဆက်လက်၍ ဆွေးနွေးခွင့်၊ တင်ပြခွင့်၊ တောင်းဆိုခွင့်များ ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံခြင်း ဖြစ်ပါသည်။

ထို ကေအိုင်အို၏ "နိုင်ငံရေး ပြေလည်သည် အထိ၊ ငြိမ်းချမ်းရေး ဆက်လက် ဆွေးနွေးရန်" ဟူသော တင်ပြချက်ကိုလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်မှ လက်မခံ၊ သဘောမတူနိုင်ကြောင်း ပြန်ကြားခဲ့ပါသည်။

၆။ ကေအိုင်အို၏ ဤမျှတဆင့်ပြီး တဆင့်လျှော့၍ တင်ပြတောင်းဆို မေတ္တာရခံချက်များ တစုံတခုကိုမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရဘက်မှ သဘောတူလက်ခံခြင်း မရှိခဲ့ပါ။ တွေ့ဆုံဆွေးနွေးစဉ် တလျှောက်လုံး၊ အစမှ အဆုံးအထိ ကေအိုင်အိုဖျက်သိမ်းရေးနှင့် ကချင်ပြည်လွတ်လပ်ရေး တပ်မတော်၊ လက်နက်ချပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးတို့ကိုသာ နည်းမျိုးစုံနှင့် ဆွေးနွေး တိုက်တွန်းခဲ့ကြပါသည်။ နိုင်ငံရေးအခွင့်အရေးများနှင့် ပတ်သက်၍ ပြောဆို တင်ပြ ဆွေးနွေးနိုင်ရန်လည်း လက်နက်ချပြီးနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဘောင်အတွင်းမှသာ ပြောဆိုပိုင်ခွင့် ရှိကြောင်းကို ရှင်းလင်း ဖော်ပြခဲ့ပါသည်။

၇။ ကေအိုင်အိုသည် ဤပြည်တွင်းစစ် ဖြစ်ပေါ်လာခြင်းမှာ နိုင်ငံရေးပြဿနာကြောင့် ဖြစ်သည်ဟု ခံယူထားပါသည်။ နိုင်ငံရေး ပြဿနာကြောင့် ဖြစ်ပေါ်လာသော ဤပြည်တွင်းစစ်ကို ရပ်စဲနိုင်ရန်မှာ၊ နိုင်ငံရေးအရ ပြဿနာများကို ဖြေရှင်းသော နည်းနာဖြင့်

တွေ့ဆုံဆွေးနွေးကာ၊ ဖြေရှင်းမှသာလျှင် တည်တံ့ခိုင်မြဲ၍ စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ကေအိုင်အို ဖျက်သိမ်းပြီး ကေအိုင်အေ လက်နက်ချရုံနှင့် ကချင်ပြည်နယ်အတွင်း ဘယ်နည်းနှင့်မျှ စစ်မှန်၍ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်မဟုတ်ပါ။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းပြီး ပြည်နယ်သူ ပြည်နယ်သားများ ရသင့်၊ ရထိုက်၊ ရရှိအပ်သော နိုင်ငံရေး အခွင့်အရေးများကို ကချင်ပြည်နယ်သူ ပြည်နယ်သားများအား အပြည့်အဝ ပေးအပ်မှသာလျှင် ကချင်ပြည်နယ်အတွင်း စစ်မှန်၍ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အမှန်တကယ် ရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

၈။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ကချင်အမျိုးသားများသာမက၊ တိုင်းရင်းသား လူမျိုးစုများ အားလုံးနီးပါးလည်း လက်နက်ကိုင် တော်လှန်နေကြသည်မှာ အမျိုးသား အသီးသီး၌ တရားမျှသည့် နိုင်ငံရေး အခွင့်အရေးများ မရရှိသောကြောင့် ဖြစ်သည်ဟု ခံယူပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသော အမျိုးသား အသီးသီး၌ ကျေနပ်မှုရရှိမှသာလျှင် အမျိုးသားစည်းလုံးမှု ရရှိမည် ဖြစ်ပေသည်။ ခိုင်ခံ့သော အမျိုးသား စည်းလုံးညီညွတ်မှု ရရှိမှသာလျှင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ၍ ငြိမ်းချမ်းသာယာ ဝပြောနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် လက်နက်ကိုင် တော်လှန်နေကြသော အခြားအဖွဲ့အစည်းများ အားလုံးနှင့်လည်း တွေ့ဆုံဆွေးနွေး၍ အမျိုးသား အသီးသီးအား တရားမျှတသည့် နိုင်ငံရေးအခွင့်အရေးများ ပေးအပ်ရမည်ဖြစ်ကြောင်းနှင့် မိမိတို့ကိုယ်တိုင်လိုလား၍ တောင်းဆိုလာသော လူမျိုးစုအား၊ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြည်နယ်(ဝါ)ကိုယ်ပိုင် စီမံ

ခန့်ခွဲရေး ပြည်နယ် ပေးသင့်ကြောင်း တို့ကို ရိုးသား ဖြူစင်သော သဘောထားဖြင့် ကေအိုင် အိုမှ တင်ပြခဲ့သည်။

၉။ ဤခေတ်အခါ သမယတွင် တမျိုးသားက အခြားတမျိုးသား အပေါ် သွေးစုတ်ဖိနှိပ် စိုးမိုးချယ်လှယ်အုပ်ချုပ်သည့် ခေတ်မဟုတ် ကြောင်းကို တကမ္ဘာလုံး၌ တိုးတက်ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်အား သုံးသပ်ကြည့်ခြင်းဖြင့် သိမြင်နိုင်ကြောင်းကို မိဘ ပြည်သူအများ အသိပင်ဖြစ်ပေသည်။ ဤကဲ့သို့သော ခေတ်သမယ ကြီးတွင် ကျွန်တော်များ ကချင်ပြည်နယ်သူ ပြည်နယ်သားများသည် မိမိတို့၏ နိုင်ငံရေး အခွင့်အာဏာများကို၊ ပြောဆို ဆွေးနွေးပိုင်ခွင့်ပင် မရရှိနိုင်သည်မှာ ဘယ်အတွက်ကြောင့်နည်း ဆိုသည်ကို မိဘ ပြည်သူများ တရပ်လုံးဝိုင်းဝန်းကြည့်ရှု စဉ်းစား ဆုံးဖြတ် ကြစေ လိုပါသည်။

၁၀။ ကေအိုင်အို သည် ပြည်သူ့အကျိုးဘက်၌ အမြဲတမ်းရပ်တည် နေသဖြင့် ပြည်သူလူထုက အထူးလိုလား တောင့်တနေကြသော တိုင်းပြည်ငြိမ်းချမ်းရေးကို အရယူနိုင်ရန်အလို့ငှာ၊ အထက်ဖော်ပြပါ အတိုင်း အထူးစိတ်ထားနှိမ့်ချစွာဖြင့် ကြိုးပမ်းခဲ့ပေသည်။ ဆက်လက် ၍လည်း ငြိမ်းချမ်းရေးရနိုင်သော နည်းလမ်းများ ရှာကြံနေစဉ် သတ်မှတ်ထားသော ၁၉၈၁ ခုနှစ် မေလ(၃၁)ရက်နေ့ ကုန်ဆုံးပြီ ဖြစ်၍ ငြိမ်းချမ်းရေး ဆက်လက်ဆွေးနွေးခြင်း မပြုနိုင်တော့ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်မှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ကချင်ပြည်နယ် ဒေသပါတီကော်မတီ၏ စာအမှတ် ၁/၉/စရ-၁။နေ့စွဲ ၁၉၈၁ ခုနှစ် ဇွန်လ(၂)ရက်နေ့စွဲပါ စာအားဖြင့် ကေအိုင်အို ဗဟိုကော်မတီသို့ အကြောင်းပြန်ကြားခဲ့ ပါသည်။ ဤကဲ့သို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြည်ထောင်စု မြန်မာနိုင်ငံတော်

အစိုးရဘက်မှ ဖြတ်တောက်လိုက်သောကြောင့်၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ရခြင်းသည် ကေအိုင်အိုဘက်၌ တာဝန် လုံးဝမရှိဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဘက်၌သာ တာဝန်ရှိကြောင်း အမျှားပြည်သူလူထု တရပ်လုံးသိသာရန် ထုတ်ပြန် ကျေညာအပ်ပါသည်။

ဤအကြိမ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် အထက်ဖော်ပြပါ အတိုင်း ပြီးဆုံးခဲ့ပေသည်။ သို့သော် တိုင်းပြည် ငြိမ်းချမ်းရေးသည် ပြည်သူ လူထု၏ အကျိုးဖြစ်သောကြောင့်၊ ကေ အိုင် အို သည် နောက်နောင် မည်သည့် အချိန်အခါတွင်ဖြစ်စေ၊ ငြိမ်းချမ်းရေး ပူးပေါင်းရှာကြံရန်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် အမြဲပင် အဆင်သင့် ဖြစ်နေကြောင်းကိုလည်း မိဘပြည်သူများ သိသာရန် ထုတ်ပြန် ကျေညာအပ်ပါသည်။

* **အမျိုးသားအသီးသီး တရားမျှတသော နိုင်ငံရေး အခွင့်အရေးများ ရရှိရမည်။**
* **တရားမျှတ၍ တည်တံ့ခိုင်မြဲသော တိုင်းပြည်ငြိမ်းချမ်းရေး ရရှိရမည်။**
* **တည်တံ့ခိုင်မြဲသော အမျိုးသားစည်းလုံး ညီညွတ်ရေး အတွက် စိုင်းဖန်း ကြိုးပမ်းကြပါစို့။**

**၁၉၈၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်။** **ဗဟိုကော်မီတီ**

**ကချင်ပြည် လွတ်လပ်ရေး အဖွဲ့။**